
ဘောင်ချိတ်မင်းမြတ်
ချစ်ရသူတစ်ယောက်သို့
အချစ်ဝတ္ထုနုနုများ
နှစ်ထောင့်ဆယ့်သုံးရဲ့
ဆွတ်ပျံ့လွမ်းမောဖွယ်အကောင်းဆုံး
ဝတ္ထုတိုစုစည်းမှု
အချစ်ဝတ္ထုနှင့် ဂန္ထဝင်ဝတ္ထုများကို စုစည်းထားပါသည်။

# လွမ်းတတ်သောကျွန်ုပ်
## သို့မဟုတ်
## အမှာ စာ

ကျွန်ုပ်မှာ ဗေဒင်ဆရာတစ်ဦးဖြစ်သော်လည်း လွမ်းနေရသည် ကို လွန်စွာ ဝါသနာပါသောသူ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် တစ်ခါတစ်ရံကြံဖန်၍ လွမ်းစရာမရှိပါဘဲ လွမ်းစရာကောင်းသော အကြောင်းအရာများကို ရှာကြံကာ အလကားနေရင်း လွမ်းနေတတ်လေ၏။

ထိုသို့ လွမ်းသည့်အထဲမှာ လထွက်လာသည် လည်း ပါ၏ …

လသာနေသည် လည်း ပါ၏ …။

လမျက်နှာပြင်ကို တိမ်သလ္လာပါးပါးကလေးများ ဖြတ်ပြေးသွားသည်များ လည်း ပါ၏ ..။

ဆန်းစလများ ၌ မပြည့်မစုံ မဝိုင်းမစက်ဘဲ ချစ်ရသူတစ်ဦး၏ မျက်ခုံး ကလေးကဲ့သို့ ကွေးကွေးညွတ်ညွတ်ကလေး ဖြစ်နေသည် လည်း ပါ၏ ..။

လတစ်ခုတည်း၌ပင် လွမ်းစရာတွေ တစ်ပုံတပင်ဖြစ်နေပြီ ဖြစ်၏ … ။

ထိုနည်းတူ ပန်းပွင့်သည် လည်း ပါ၏။ ပန်းကြွေသည် လည်း ပါ၏။

ညှိုးသွားခြောက်သွားသော ပန်းများ လည်း ပါ၏ ..။

တစ်ဖန် မြူခိုးများ ဆိုင်းနေသည် လည်း ပါ၏။ နှင်းငွေ့များ ဝေ့ဝဲကျ နေသည် လည်း ပါ၏။ စမ်းရေစီးသံလည်း ပါ၏။ လှိုင်းလုံးများ ရိုက်ပုတ်သံလည်း ပါ၏။ ဥဩတို့ တေးဆိုသံလည်း ပါ၏။ အရာအားလုံးကို လွမ်းစရာလိုမျိုးတွေချည်း ကျွန်ုပ်စိတ်ထဲတွင် ထင်မြင်နေမိလေတော့၏။

ထိုလွမ်းစရာများ ထဲတွင် ကျွန်ုပ်အား ပို၍ လွမ်းစေသည် ကား မာမာအေး၏ သီချင်းများ ပင် ဖြစ်၏။ မာမာအေး၏ သီချင်းသံများကို ကြားရပြီဆိုလျှင် ကျွန်ုပ်မှာ နေမထိ ထိုင်မသာနဲ့ ငိုချင်သလိုလို ရယ်ချင်သလိုလို စိတ်များ ပင် ပေါက်မိတတ်လေ၏။ ထို့ကြောင့် ကျွန်ုပ်က လွမ်းဆွတ်သော စိတ်ဖြစ်တိုင်း အလွမ်းကဗျာ အလွမ်းစာကလေးများကို ရေး၍ သိမ်းထားမိတတ်လေ၏။ ထို့ကြောင့် ထိုကဗျာ ထိုစာတို့ ကို ဖတ်မိသော သူတစ်ချို့က ကျွန်ုပ်အား "နတ်သျှင်နောင်" ၊ တစ်ချို့က "ဦးပုည" ဟူ၍ လှောင်ပြောင် ခေါ်ဝေါ်တတ်လေ၏။

တစ်နေ့က "လွမ်းငွေ့ဝေဝေ တက္ကသိုလ်နယ်" ဤစာအုပ်၏ အဖွင့်ဝတ္ထုတစ်ပုဒ်ကို ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော ဆရာမတစ်ဦးအား ကျွန်ုပ်က ပေးဖတ်ဖူး၏။ အခြား အလွမ်းကဗျာ၊ အလွမ်းစာတစ်ချို့ကိုလည်း ယခင်က ထိုဆရာမအား အခွင့်ကြုံသည့်အခါ ပေးဖတ်ဖူးခဲ့၏။ "ဆရာ့စာတွေဖတ်တိုင်း ကျွန်မ ငိုချင်တယ်" ဟု ထိုဆရာမက ပြန်ပြောဖူး၏။

အမှန်က မည်သူ့အတွက်မဆို ဘဝဟူသည် လွမ်းစရာများ သာ ဖြစ်၏။ အကြောင်းအမျိုးမျိုး၊ အဖြစ်အပျက်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့် ကြောင်းကျိုးစုံလင်လွန်းလှသော ဘဝဇာတ်ခုံပြင်ကြီးသာ ဖြစ်၏။

တစ်နည်း ဘဝဇာတ်ခုံပြင်ကြီးပေါ်မှာ ကျွန်ုပ်တို့ အားလုံးက ကျရာနေရာ၌ ကံစီမံရာအရ သရုပ်ဆောင်နေကြရခြင်းသာ ဖြစ်၏။ ကျွန်ုပ်တို့

မှာ ဘဝသရုပ်ဆောင်၊ သဘာဝသရုပ်ဆောင်များ စစ်စစ်တွေသာ ဖြစ်ကြပေ၏။

ထိုသည် ကိုတချို့က ကဗျာဝတ္ထုများ ဖြင့် ဖွဲ့နွဲ့စီကုံးရေးသားထားခဲ့၏။ တချို့က တေးသီချင်းများ ဖြင့် သီကျူးခံစားတင်ပြထားခဲ့၏။ တချို့က ပန်းချီ၊ ပန်းပု(သုခုမ) အနုလက်ရာတစ်မျိုးမျိုးတို့ ဖြင့် ထုဆစ်ပုံဖော်ထားခဲ့၏။ ထို့ကြောင့် သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက် လူသားများ ၏ ခံစားမှုပုံရိပ်များကို ယနေ့ထက်တိုင် သက်ဝင်ရှင်သန်စွာ တွေ့မြင်နေကြရခြင်း ဖြစ်၏။

ထို့ထက်ပို၍ လွမ်းစရာကောင်းသည် မှာ ကား ကျွန်ုပ်တို့ ၏ အသက်ရှင် နေထိုင်ရခြင်းပင် ဖြစ်၏။ ကျွန်ုပ်တို့ သည် ဤလောကကြီး၌ မည်ရွေ့မည်မျှ အထိ အသက်ရှင်နေထိုင်ခွင့် ရကြမည်လဲ …။

ဒါမှ မဟုတ် ကျွန်ုပ်တို့ ဘယ်ကို သွားကြမည်လဲ …။

ဒါမှ မဟုတ် ကျွန်ုပ်တို့ ဘယ်က လာကြသလဲ …။

ဘဝဟူသည် မထင်မရှား ပိုးတဝါးနဲ့ လွန်စွာ လွမ်းစရာကောင်းသော ဇာတ်လမ်းတိုတစ်ပုဒ်သာ ဖြစ်၏။

တစ်ဖန် ဘဝတစ်ခု၏ အသက်ရှင်နေထိုင်ခွင့်ကိုလည်း သတ္တဝါတိုင်းအတွက် ကံတရားက ဘောင်ခတ်၍ ပေးထားပြန်၏။ တစ်နည်းခြံစည်းရိုးကာသလို ကာပေးခံထားရပြန်၏။ နှစ်(၈၀)လား။ နှစ်(၉၀)လား။ အားလုံး နှစ်တစ်ရာအောက်မှာ ကွယ်ပျောက်သွားကြဖို့ က များ ၏။

ထိုနှစ်တစ်ရာအတွင်းမှာ ကျွန်ုပ်တို့ အတင်းဆိုသွားကြမလား။

ကျွန်ုပ်တို့ အငြင်းပိုသွားကြမလား။

ကျွန်ုပ်တို့ ထိုင်ကာ နေသွားမည်လား။

ကျွန်ုပ်တို့ ငြိမ်ရှာနေသွားမည်လား ….။

ကျွန်ုပ်တို့ ဟန်ဆောင်နေမည်လား …။ ကျွန်ုပ်တို့ ရန်စောင်နေမည်လား …။ အတ္တကို ရင်ထိုးတစ်ခုလိုထိုးပြီး ရှေ့တန်းတင် အဖော်ပြုကာ အရုပ်ဆိုးတဲ့ စာမျက်နှာတွေကို ရေးသားထားခဲ့မလား …။

ဒါမှ မဟုတ် ကြက်ကလေး ငှက်ကလေးတစ်ကောင်လို လူမသိ သူမသိ ကမ္ဘာလောကကြီးထဲသို့ ရောက်ရှိလာခဲ့ပြီး လူမသိ သူမသိ ပြန်လည်ကာ ထွက်ခွာသွားကြမလား …။

ဘဝလက်ကျန်အချိန်တွေက မည်မျှကျန်ပါသေးသလဲ …။ လက်ကျန်အချိန်တွေမှာ ဘာတွေ ချန်ထားခဲ့ကြမလဲ …။

အနုပညာတွေလား … သမုဒယတွေလား …။

အတုယူချင်စရာတွေလား … ထုချေချင်စရာတွေလား။ စဉ်းစားကြည့်လေလေ ဘဝဟာ လွမ်းစရာတွေ ကောင်းလေလေပါပဲ …။

ထို့ကြောင့် ကျွန်ုပ်က စိတ်ကူး၍ ထားသည် ။

တောမြင်မြင်၊ တောင်မြင်မြင်၊ နေမြင်မြင်၊ ကြယ်မြင်မြင် လွမ်းတတ်တဲ့ ငါ့ဝသီအတိုင်း ငါလွမ်းမည်။ လွမ်းရသမျှ သမုဒယတွေကို နုလှသောစာကလေး၊ ကဗျာကလေးများ အဖြစ် ပုံဖော်ခံစားရေးဖွဲ့မည်။ ရေးဖွဲ့သမျှ စာများကိုလည်း စာအုပ်လှလှကလေးများ ပြုလုပ်၍ လူသားများကြားသို့ ရောက်အောင် ပို့ပေးမည် …။

ထိုအခါ …

တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်ခါခါ၊ တစ်နေရာရာ၌ … တစ်ဦးဦးတစ်ယောက်ယောက်သောသူ တစ်ဦးဦးက …

ကျွန်ုပ်၏ လွမ်းတတ်သောရင်မှ ကြွေကျလာခဲ့သော ဤကဗျာဤစာကလေးများကို ဖတ်မိ၍ ... သတိတရ ... အရေးတယူ ... အလေးမူမိခဲ့မယ်ဆိုရင် ... လွမ်းတတ်သော ဗေဒင်ဆရာကလေးတစ်ဦးအဖြစ်နဲ့ ဤမော်လမြိုင် ရွှေမြို့တော်သို့ ... သို့မဟုတ် ဤကမ္ဘာလောကကြီးထဲသို့ ... . ရောက်လာခဲ့ရကျိုးနပ်ပါပြီလေ ...။

မေတ္တာဓာတ်တွေကို
အထပ်ထပ်အခါခါပို့လွှတ်ထားတဲ့
အောင်ချစ်မင်းမြတ်

ငွေနှင်းမှုန်ရီတို့ ဖြင့် စိမ်းစိုလန်းဆန်း
အေးချမ်း၍ နေသော နှစ်ထောင့်ဆယ့်သုံးရဲ့
နောက်ဆုံးကာလဖြစ်သော ဒီဇင်ဘာလ
အခါသမယ၌ ...

***